ABSDF　　CNF　　KNU

## တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) နှင့် ပတ်သက်၍ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ (EROs) မှ NCA အသိသက်သေများ နှင့် နိုင်ငံတကာအသိုက်အဝန်းသို့ ပေးပို့သည့် အိတ်ဖွင့်ပေးစာ

၂၀၂၃ ခုနှစ် အောက်တိုဘာလ (၁၃) ရက်

လေးစားအပ်ပါသော နိုင်ငံတကာမှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ မိတ်ဆွေများ နှင့် မြန်မာပြည်သူများကို ထောက်ခံ အားပေးကြသူများ ရှင့်/ခင်ဗျား၊

၂၀၂၃ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့သည် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ခဲ့သည့်နေ့ (၈) နှစ်မြောက်နေ့ ဖြစ်ပါသည်။ NCA စာချုပ် သည် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း (EAOs) အချို့နှင့် မြန်မာနိုင်ငံအစိုးရတို့အကြား ညှိနှိုင်းဆွေးနွေးမှုအပေါ် အခြေခံပြီးထွက်ပေါ်လာသည့် ရလဒ်ဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်သွားနိုင်ရေးအတွက် ကတိကဝတ်ပြုခဲ့ကြသည့် စာချုပ်ဖြစ်ပါသည်။ NCA စာချုပ် အကောင် အထည်ဖော်မှုအားဖြင့် ဆယ်စုနှစ် (၇) ခုကြာ မဖြေရှင်းနိုင်ခဲ့သည့် တိုင်းပြည်၏ နက်ရှိုင်းသော နိုင်ငံရေး ပြဿနာများအား ဖြေရှင်းရေးအတွက်ကိုလည်း ရည်ရွယ် ပြီး လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းမှုသည် NCA စာချုပ်၏ အခြေခံမှုများ နှင့် ရည်မှန်းချက်များ ကို ချိုးဖောက်လိုက်ခြင်း ဖြစ်ပြီး NCA စာချုပ်အား အကောင်အထည် မဖော်နိုင်ရန် ဖြစ်သွားစေခဲ့သည်။ စစ်ကောင်စီ သည် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးမှု လမ်းကြောင်းကို ရပ်တန့်စေခဲ့ပြီး ရွေးကောက်ခံ ခေါင်းဆောင်များ ကို ဖမ်းဆီးထောင်ချခြင်းဖြင့် တိုင်းပြည်၏ ဒီမိုကရေစီ တည်ဆောက်မှုကို ဖျက်ဆီးခဲ့သည်။ စစ်အာဏာ သိမ်းပြီးနောက် စစ်တပ်၏ လက်နက်ကြီးနှင့် လေကြောင်း တိုက်ခိုက်မှုများ အပါအဝင် အကြမ်းဖက် တိုက်ခိုက်မှုများ ကြောင့် ပြည်တွင်း နေရပ်စွန့်ခွာထွက်ပြေးရသူ (၂)သန်း နီးပါး ရှိလာခဲ့ပြီး ပြည်သူလူထု နေအိမ် (၈၀,၀၀၀) ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရကာ ပြည်သူများ၏ အသက်၊ အိုးအိမ် နှင့် ပိုင်ဆိုင်မှုများ များစွာဆုံးရှုံးခဲ့ပါသည်။ မကြာမီ ရက်ပိုင်းအတွင်းက ကချင် စစ်ရှောင်စခန်းတခုအား အကြမ်းဖက် ဖုံးကြဲတိုက်ခိုက်မှုကြောင့် အမျိုးသမီးနှင့် ကလေး သူငယ်များ အပါအဝင် ပြည်သူ (၃၀) အသက်ဆုံးရှုံးခဲ့ပြီး (၅၀) ကျော် ဒဏ်ရာရခဲ့ရခြင်းအပါအဝင် ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း EROs နယ်မြေများ နှင့် နိုင်ငံအနှံ့တွင် စစ်ကောင်စီ သည် လူအစုလိုက်အပြုံလိုက် အား ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်မှုများ အကြိမ် (၁၀၀) မက ကျူးလွန်ခဲ့ပြီး ဖြစ်ပါသည်။

**နောက်ခံ**

NCA ၏ လုပ်ငန်းစဉ်အစ သည် ၂၀၁၁ ခုနှစ်တွင် စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများအကြား နှစ်ဘက်ပစ်ခတ်ရပ်စဲရေး (Bilateral Ceasefire) သဘောတူစာချုပ်များ အသီးသီး ရေးထိုး ခြင်း နှင့် Codes of Conduct များ ရေးထိုးခြင်းဖြင့် စတင်ခဲ့ပါသည်။ ထို နှစ်ဘက်ပစ်ခတ်ရပ်စဲရေး သဘောတူ စာချုပ် များသည် ပူးတွဲစောင့်ကြည့်မှုနှင့် အကောင်အထည်ဖော်မည့် ယန္တရားများ အလွန်အားနည်းမှု ရှိသည်ဟု ယူဆပြီး စိုးရိမ်မှုရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများမှ ပူးတွဲသုံးသပ်မှုများ လုပ်ဆောင် ခဲ့သည်။ ထိုစိုးရိမ်မှုများကို ဖြေရှင်းနိုင်ရန် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများမှ ကမကထ ပြုလုပ်ပြီး ၂၀၁၂ ခုနှစ် နှောင်းပိုင်းတွင် NCA ကို စတင်ရေးဆွဲ ဖော်ထုတ်ခဲ့သည်။ ထိုသို့ရေးဆွဲရာတွင် နှစ်ဘက်

ပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ်များမှ အခြေခံအချက်များ၊ ဘုံအခြေခံမူများ နှင့် ပူးတွဲ အကောင် အထည် ဖော်မှု ယန္တရားများကို ပေါင်းစပ်၍ ရေးဆွဲခဲ့ပါသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပြဋ္ဌာန်းချက်များအပြင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြင်ဆင်ပြောင်းလဲနိုင်ရန် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးမှု အတွက် ပြဋ္ဌာန်းချက်များ နှင့် တိုင်းရင်းသား ဒေသများတွင် စစ်ပွဲများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အသိုက်အဝန်း များမှ ပြည်သူများ၏ ဘဝများကို ပြန်လည်တည်ဆောက် ကူညီပေးနိုင်ရန် ကြားကာလ အတွင်း ဆောင်ရွက်ရမည့် အစီအမံများ တို့ကိုလည်း ထည့်သွင်းခဲ့ပါသည်။ အဆိုပါ မိမိတို့ NCA အဆိုပြု မူကြမ်းအား ပြန်လည် တုံ့ပြန်နိုင်ရန် အတွက် မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) နှင့် မြန်မာအစိုးရတို့က တန်ပြန် မူကြမ်းများ ရေးဆွဲကာ ပြန်လည် ပေးပို့ လာမှုများ ပြုလုပ်ခဲ့သည်။ မိမိတို့၏ ပထမဦးဆုံးမူကြမ်းကို အစိုးရသို့ ၂၀၁၃ ခုနှစ် အစောပိုင်းတွင် ပေးပို့ခဲ့ပြီး NCA စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများပြီးဆုံးရန် (၃) နှစ်နီးပါး ကြာမြင့်ခဲ့ပါသည်။

NCA စာချုပ်အား လက်မှတ်ရေးထိုးရန် ပြင်ဆင်ချိန်တွင် စစ်တပ်သည် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း အများအပြားကို NCA စာချုပ်တွင် လက်မှတ်ရေးထိုးဖို့ရန် သဘောမတူညီမှုများ ရှိခဲ့ ပါသည်။ ထိုလုပ်ဆောင်ချက်သည် အဓိက တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများဖြစ်သည့် KIO၊ SSPP၊ AA ကဲ့သို့ အဖွဲ့များအား NCA စာချုပ် လက်မှတ် မရေးထိုးဖို့ ဖြစ်စေခဲ့ပါသည်။ ထိုရလဒ်သည် လက်မှတ် မရေးထိုးသည့် အဖွဲ့များအား အားလုံးပါဝင်သော နိုင်ငံရေး ဆွေးနွေးမှုများတွင် ပါဝင်စေခြင်းမရှိဘဲ နောက်ဆုံး လေ့လာသူအဖြစ်သာ တက်ရောက်စေခဲ့ပါသည်။ NCA စာချုပ်အား လက်မှတ်ရေးထိုးပြီးနောက် တစ်လအတွင်း အပစ်အခတ်ရပ်စဲရေး ပြဋ္ဌာန်းချက်များအား အပြီးသတ် ရေးဆွဲရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ငါးနှစ်အကြာ ၂၀၂၀ ခုနှစ်တွင် ပိတ်ဆို့မှုများရပ်တန့်ရန် ရည်ရွယ်ကျင်းပပြုလုပ်သော ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (UPC) အတွင်း သဘောတူညီခဲ့သည့် 'ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)' ၌သာ စတင် ရေးဆွဲ အကောင် အထည်ဖော်ရန် ထည့်သွင်း ပြောဆိုနိုင်ခဲ့သည်။

### NCA အနှစ်သာရနှင့် NCA ပျက်ပြယ်ခြင်း

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရလဒ် နှင့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃) ၏ ရှေ့ဆက် အကောင်အထည်ဖော်ရန် အစီအစဉ်တို့သည် 'စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ သို့ကူးပြောင်းရန်' ဆိုပြီး ထိန်းချုပ်လိုသော မြန်မာ့စစ်တပ်ခေါင်းဆောင်များအတွက် ခြောက်လှန့်မှုကို ဖြစ်စေခဲ့ပါသည်။ ကာကွယ်ရေး ဦးစီးချုပ် မင်းအောင်လှိုင် ဦးဆောင်ပြီး အစိုးရကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခြင်း နှင့် တရားဝင် လွှတ်တော်များ တွင်လည်း လွှတ်တော်ခေါ်ယူရန် တားစီးပိတ်ပင် လိုက်ခြင်းဖြင့် ၎င်းတို့၏ အမှန်တကယ် စိတ်သဘောထား ရည်ရွယ်ချက်များကို ဖော်ပြခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၁၀) နှစ်တာအတွင်း စစ်တပ်သည် ပြည်သူနှင့် ယုံကြည်ခြင်း တည်ဆောက်ခဲ့မှုသည် စစ်အာဏာသိမ်းရန် ကြိုးပမ်းပြီးနောက် လအနည်းငယ်အတွင်း ပျက်စီး သွားခဲ့ရသလို ပြည်သူလူထုအားလည်း အကြမ်းဖက်တိုက်ခိုက်ခြင်း နှင့် ရက်စက်ကြမ်းကြုတ်မှုများ ဆက်လက်၍ လုပ်ဆောင်နေပါသည်။

စစ်တပ်မှ လေကြောင်း၊ ရေကြောင်း နှင့် ကြည်းတပ်အင်အားများ အသုံးပြုပြီး ထပ်ခါတလဲလဲ ပြည်သူကို ပစ်မှတ်ထား ပြုလုပ်နေသည့် တိုက်ခိုက်မှုများသည် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာ ထောက်ထားသည့် ဥပဒေများကို ပြောင်ပြောင် တင်းတင်း ကျူးလွန်ခြင်းဖြစ်သည်။ NCA စာချုပ်ပါ ပြဋ္ဌာန်းချက်များသည်လည်း အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာ ထောက်ထားသည့် ဥပဒေများကို အခြေခံထားပါသည်။ ထို့ကြောင့် ထို လုပ်ဆောင်ချက်များသည် NCA ပျက်ပြယ်မှုကို ပိုမို ခိုင်မာစေ ပြီး စစ်တပ်က ငြိမ်းချမ်းစွာ ညှိနှိုင်း အဖြေရှာခြင်း နည်းလမ်းကို စွန့်လွှတ်ကြောင်း ပေါ်လွင်စေပါသည်။

စစ်အာဏာသိမ်းယူခြင်းသည် NCA ကို ချိုးဖောက်လိုက်ခြင်းဖြစ်ပြီး NCA အားဖြင့် ပြုလုပ်ထားကြသော ကတိကဝတ်များကို ပျက်ပြယ်သွားစေသည် -

၁။ NCA စာချုပ် အခန်း (၁) သည် သဘောတူညီချက်တစ်စုံလုံး၏ အခြေခံမူများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ စစ်အာဏာသိမ်းခြင်းသည် NCA စာချုပ်၏ အခြေခံမူများအား ပြင်းထန်စွာ ချိုးဖောက် ခြင်း ဖြစ်ပြီး NCA စာချုပ်ကို ဖျက်ဆီးလိုက်ခြင်းဖြစ်သည်။

၂။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းသည့် စေ့စပ်ညှိနှိုင်းမှုနည်းလမ်းဖြစ်သော နိုင်ငံရေး ယဉ်ကျေးမှု အသစ်တစ်ရပ်သည်  စစ်အာဏာသိမ်း မှု ကြောင့် ပျက်စီးသွားပါသည်။

၃။ စစ်အာဏာသိမ်းယူခြင်းသည် ငြိမ်းချမ်းရေးရယူလိုစိတ် မရှိခြင်းကို ပြသပြီး ဝိဝါဒ ကွဲပြားမှုများအား လက်နက် အားကိုး အနိုင်ယူခြင်းဖြစ်သည့် စစ်အာဏာရှင်စနစ်ကျင့်သုံးကြောင်း ဖော်ပြကာ NCA စာချုပ်အပေါ် အပြန်အလှန် ထားရှိသည့် ကတိကဝတ်များအပေါ် တာဝန်ယူ၊ တာဝန်ခံမှု မရှိဘဲ ချိုးဖောက်ခြင်း ဖြစ်ပါသည်။

၄။ NCA စာချုပ် အကောင်အထည်ဖော်သည့် ကာလအတွင်းတွင်ပင် စစ်တပ်သည် NCA အခန်း (၃) နှင့် (၄) တို့ကို အဆက် မပြတ် ချိုးဖောက်ခဲ့ခြင်း၊ NCA အခန်း (၅) အရ နိုင်ငံရေးဆွေးနွေးပွဲများ၌ ပါဝင်မှု နှင့် ဆွေးနွေးပွဲအစီအစဉ် ကဲ့သို့ ကိစ္စရပ်များတွင် ပိတ်ပင်တားဆီးခြင်း နှင့် ချုပ်ကိုင် ချယ်လှယ်ခြင်း များ၊ NCA အခန်း (၆) အကောင်အထည်ဖော်မှုကို ခွင့်မပြုခဲ့ခြင်း စသည်တို့ ရှိခဲ့ပါသည်။

၅။ NCA အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်အတွင်း ပိတ်ဆို့မှုများကို ကျော်လွှားရန်ကြိုးစားပြီး သဘောတူညီချက် ရရှိခဲ့သော ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၃) ပါ ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး အဆင့် (၁) ဆင့် နှင့် လုပ်ငန်းစဉ် (၃) ရပ် သည်လည်း စစ်အာဏာသိမ်းမှုကြောင့် အကောင်အထည် ဖော်ရန်မဖြစ်နိုင်တော့ပါ။

၆။ NCA စာချုပ်အရ ဆွေးနွေးပွဲလုပ်ငန်းစဉ်အတွင်းမှ ပြည်ထောင်စုသဘောတူ စာချုပ်များ ရရှိလျှင် အတည်ပြု ပြဋ္ဌာန်းရေးအတွက် လွှတ်တော် အခန်းကဏ္ဍပါရှိ ပါသည်။ စစ်အာဏာသိမ်းယူခြင်း ကြောင့် တရားဝင် ရွေးကောက်ခံ လွှတ်တော် မရှိတော့သည့်အတွက် NCA စာချုပ်သည် အကောင် အထည်ဖော်၍ မရနိုင်ပါ။

၇။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထု နှင့် အစိုးရ တို့ အကြား သဘောတူချုပ်ဆိုထားသည့် ပဋိညာဉ် ဖြစ်ပြီး အစိုးရများ၏ တရားဝင်မှုသည်လည်း ထို ပဋိညာဉ် မှ လာခြင်းဖြစ်သည်။ စစ်တပ် သည် ၎င်းတို့ အာဏာရရှိတည်မြဲရန် ရည်ရွယ်ချက်ရှိရှိဖြင့် ပဋိညာဉ် ဖြစ်သော ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ကို ကျော်လွန် ဖောက်ဖျက်ကြောင်း ရှင်းလင်းစွာ ပြသခဲ့သည့်အတွက် ပဋိညာဉ် ပျက်ပြယ် သွားပြီးဖြစ်သည်။ ထို့ကြောင့် စစ်တပ်သည် တရားဝင်မှု ဆုံးရှုံး သွားသော တရားမဝင် အဖွဲ့အစည်း ဖြစ်သွားသည့် အတွက် NCA စာချုပ် အား အကောင်အထည်ဖော်ရန် လုပ်ပိုင်ခွင့် မရှိပါ။

၈။ PPST အဖွဲ့ဝင် (၇) ဖွဲ့နှင့် စစ်တပ်တို့၏ NCA စာချုပ် ကိုအကြောင်းပြုပြီး လုပ်ကိုင်နေသည့် လုပ်ငန်းစဉ်များသည် နိုင်ငံ ပျက်စီးခြင်းကိုသာ ဦးတည်နေပါသည်။

**NCA ကို အခြေပြုပြီး ဖိအားပေး ပြုလုပ်နေသည့် NCA ဟန်ပြ အကောင်အထည်ဖော်မှု ဆွေးနွေးပွဲများ၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ရှိနေသယောင်ဖြင့် ပြုလုပ်နေသည့် ဖွဲ့စည်းပုံပြင်ဆင်ရေး ဟန်ပြ လုပ်ရပ်များ နှင့် စစ်ကောင်စီက ကျင်းပရန် ပြင်ဆင် နေသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေပြု အတုအယောင် ရွေးကောက်ပွဲတို့သည် နိုင်ငံ၏ အကျပ်အတည်းကို ပိုမိုနက်ရှိုင်းစေပြီး ပဋိပက္ခ ကို ရှည်လျားအောင် ပြု လုပ်နေခြင်းသာ ဖြစ်ကြောင်း မိမိတို့ ယုံကြည်သည်။**

**ဘုံနိုင်ငံရေးရည်မှန်းချက်များ**

NCA လက်မှတ်ရေးထိုးခဲ့သည့် တော်လှန်ရေးအဖွဲ့အစည်းများဖြစ်ကြသော ABSDF ၊ CNF နှင့် KNU တို့သည် ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရေးဆိုင်ရာ ဘုံ နိုင်ငံရေး ရည်မှန်းချက်နှင့် ဘုံ ရပ်တည်ချက်များကို အောက်ပါ အတိုင်းချမှတ်ထားပါသည်။

- စစ်အာဏာသိမ်းမှုကို ဖယ်ရှားပြီး နိုင်ငံရေး၌ စစ်တပ်ပါဝင်နေခြင်းအား အဆုံးသတ်ရန်၊
- စစ်တပ်အား ပြန်လည်ပြင်ဆင်ဖွဲ့စည်း၍ ရွေးကောက်ခံ အရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှု အောက်၌ အပြည့်အဝ ထားရှိရန်၊
- သက်ဆိုင်သူများအားလုံး လက်ခံနိုင်သော ဖက်ဒရယ်နှင့်ဒီမိုကရေစီစနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အသစ်ကို ရေးဆွဲပြဋ္ဌာန်းရန်၊
- ပဋိပက္ခအတွင်း မတရားကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးနှင့် အသွင်ကူးပြောင်းရေး ကာလ တရား မျှတမှု ရရှိရေး လုပ်ငန်းစဉ်ဖော်ဆောင်ရန်။

- လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုအဆင့်တိုင်းတွင် နိုင်ငံတကာ၏ ကြားဝင်ညှိနှိုင်းမှု၊ နည်းပညာပံ့ပိုး ကူညီမှု၊ လေ့လာစောင့်ကြည့်မှုနှင့် ဘဏ္ဍာရေးကူညီထောက်ပံ့မှု စသည်တို့ ပါဝင်ရေး သဘောတူညီ ထားရန်၊

**ဘုံ နိုင်ငံရေးရပ်တည်ချက်များ**

၁။ စစ်ကောင်စီသည် ဖော်ပြပါ ဘုံနိုင်ငံရေးရည်မှန်းချက်များကို လက်ခံပြီး ပြည်သူများအပေါ် ပြုလုပ်သည့် အကြမ်းဖက်မှု များ အဆုံးသတ်ခြင်းမရှိဘဲ (သို့မဟုတ်) အဆုံးမသတ်ဘဲ မည်သည့် ဆွေးနွေးပွဲမှ ပြုလုပ်ရန်မရှိပါ။

၂။ ပါဝင်ပတ်သက်သူ ( Stakeholdersrs) များသည် စနစ် အပြောင်းအလဲ (System Change)ကို လိုလားသည်သာမက၊ စစ်အာဏာရှင်စနစ်မှ နောက်ပုံစံတစ်ခုသို့ ပြောင်းလဲခြင်း (သို့မဟုတ်) အာဏာရှင် အရပ်သား အစိုးရ ပုံစံဖြင့် ပြောင်းလဲခြင်းကိုပင် လက်ခံနိုင်ဖွယ် မရှိပါ။

၃။ နိုင်ငံရေးအခွင့်ထူးခံများ အချင်းချင်းအကြား ပြုလုပ်သည့်အာဏာခွဲဝေမှုကို လက်မခံပါ။

၄။ မြန်မာ့နိုင်ငံအကျပ်အတည်း ဖြေရှင်းမှုတွင် အမျိုးသားစည်းလုံးညီညွတ်မှုပုံစံကို အခြေခံ၍ အနာဂတ် မြန်မာနိုင်ငံ၏ အစိုးရများကို ဖန်တီးပေးမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ရွေးကောက်ပွဲ စနစ်တစ်ရပ် လိုအပ်မည်ဖြစ်ပါသည်။

၅။ စစ်ကောင်စီ သည် အသွင်ကူးပြောင်းရေးအာဏာပိုင်မဟုတ်ဘဲ အဓိက ပဋိပက္ခမိတ်ဖက် (Conflict Partners) သာ ဖြစ်သည်။ အသွင်ကူးပြောင်းရေးကာလတွင် သက်ဆိုင်သူ အားလုံး သဘောတူညီထားသည့် စစ်မှန်သော အသွင် ကူးပြောင်းရေးဆိုင်ရာ အာဏာပိုင် ( Transitional Authority) တစ်ရပ် လိုအပ်ပါသည်။

၆။ အထက်ပါအဆင့်များအားလုံး အကောင်အထည်ဖော်ပြီးမှသာ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ အသစ်ကို ကျင်းပနိုင်မည် ဖြစ်သည်။

**ပူးတွဲ တောင်းဆိုချက်**

စစ်ခေါင်းဆောင်များ၏ ဆောင်ရွက်ချက်များသည် တိုင်းပြည်အား ပျက်စီးစေကာ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာ ထောက်ထားသည့် ဥပဒေ (IHL) ကို ချိုးဖောက်နေခြင်းဖြစ်သည့်အတွက် စစ်တပ်တွင် ပါဝင်နေကြသော အရာရှိများသည် စစ်ခေါင်းဆောင်များ၏အမိန့်ပေးမှုများကို အကောင်အထည်ဖော်ပေးခြင်း မပြုလုပ်ရန် တိုက်တွန်း တောင်းဆိုပါသည်။

NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုတရပ်လုံးနှင့် နိုင်ငံတကာ အစိုးရ များအနေဖြင့် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေပြီး ပြည်သူလူထု ဆင်းရဲဒုက္ခခံစားရမည့် စစ်တပ်၏ လုပ်ဆောင်မှုများတွင် ပါဝင်ခြင်း မပြုပဲ မိမိတို့၏ ဘုံ နိုင်ငံရေးရည်မှန်းချက်နှင့် ရပ်တည်ချက်များ ဖော်ဆောင်ရေး လုပ်ငန်းစဉ်တွင် ပံ့ပိုးကူညီဆောင်ရွက် ကြပါရန် တိုက်တွန်းအပ်ပါသည်။

| | | |
|---|---|---|
| ရဲဘော်သံခဲ | ဒေါက်တာရွှေခါးရဲ | ပဒိုစောကွယ်ထူးဝင်း |
| ဥက္ကဌ | ဒုဥက္ကဌ (၃) | ဥက္ကဌ |
| မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများတပ်ဦး | ချင်းအမျိုးသားတပ်ဦး | ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး |


ဆက်သွယ်ရန်

၁။ ရဲဘော်ဆန်နီ (ABSDF) (+၆၆ ၈၄၈၀၈ ၇၇၂၅)

၂။ ပူးထက်နီ (CNF) (+၉၁ ၉၂၃၃၀ ၁၂၈၉၀)

၃။ ပဒိုစောတောနီး (KNU) (+၆၆ ၆၃၀၂၀ ၂၄၁၁)